ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကြေညာချက်အမှတ် (၁၀/၂၀၂၀)

ပြည်တွင်းရှိ အစားအသောက်ထုတ်လုပ်သော လုပ်ငန်းများအနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

(၁) အစားအသောက်လုပ်ငန်းများ သက်တမ်းပြတ်လပ်မှုမရှိစေရေးအတွက် သက်တမ်းမကုန်မီ အနည်းဆုံး(၃)လ ကြိုတင်လျှောက်ထားရမည်။

(၂) (၁-၉-၂၀၂၀) ရက်နေ့နောက်ပိုင်း လျှောက်ထားလာသော အစားအသောက်လုပ်ငန်းများအတွက် စတင်လျှောက်ထားသည့် ရက်မှစ၍ စီစစ်ကာလ (၆) လနှင့် ဓာတ်ခွဲစစ်ဆေးခြင်းအား တတိယအကြိမ်ထိသာ ခွင့်ပြုမည်။ စီစစ်ကာလ (၆) လအတွင်း လိုအပ်ချက်များပြည့်စုံစွာ တင်ပြလာခြင်းမရှိပါက ထောက်ခံချက်လျှောက်ထားခြင်းသည် အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ပြီး လုပ်ငန်းမှ ဆက်လက်လုပ်ကိုင်လိုပါက အသစ်မှပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

(၃) အစားအသောက်လုပ်ငန်းများ သက်တမ်းရှိကာလအတွင်း သက်တမ်းတိုးခွင့် လျှောက်ထားရာတွင် စက်ရုံအား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့် ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ် (GHP)နှင့်အညီ ထုတ်လုပ်နေခြင်း ရှိ/မရှိ စစ်ဆေးပြီး ကောက်ယူခဲ့သောနမူနာသည် ဓာတ်ခွဲစစ်ဆေးချက် ဓာတု/အဏုဇီဝ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ယင်းအမယ်ထုတ်လုပ်မှုအား ရပ်ဆိုင်းရန်နှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးထားသော ထုတ်လုပ်အပတ်စဉ်တူ ထုတ်ကုန်များအား ပြန်လည်သိမ်းဆည်းရမည်ဖြစ်သည်။ စက်ရုံပုံမှန်ကွင်းဆင်းစစ်ဆေးစဉ် ပြင်ဆင်ရန်ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် လုပ်ငန်းအားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ပြီးပါက သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိခဲ့သည့်နမူနာအား ဒုတိယအကြိမ် ထပ်မံကောက်ယူစစ်ဆေးမည်ဖြစ်သည်။ ထိုကဲ့သို့

နမူနာထပ်မံကောက်ယူစစ်ဆေးမှုအား တတိယအကြိမ်ထိသာ ကောက်ယူစစ်ဆေးမည် ဖြစ်သည်။

(၄) သက်တမ်းတိုးကာလအတွင်း ထောက်ခံချက်သက်တမ်း ကုန်ဆုံးသွားပါက ထုတ်လုပ်မှုကို ရပ်ဆိုင်းထားစေပြီး ထောက်ခံချက်သက်တမ်းတိုး ခွင့်ပြုချက်ရရှိပြီးမှသာ ပြန်လည် ထုတ်လုပ်ရမည်။

(၅) (၃၁-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သော ညွှန်ကြားချက် (၄/၂၀၂၀) အရ သက်တမ်းလွန် ဒဏ်ကြေးအား ပေးဆောင်ရမည်ဖြစ်၍ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် သက်တမ်းတိုးရန်နောက်ကျသည့် လုပ်ငန်းများအနေဖြင့် နေပြည်တော်၊ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် သက်တမ်းလွန်နောက်ကျဒဏ်ကြေးငွေ ပေးသွင်း ပြီးမှသာ သက်တမ်းတိုးလျှောက်ထားမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

(၆) သက်တမ်းပြတ်လပ်ခြင်းသည် သက်တမ်း (၁) ကြိမ် ('စ' ထောက်ခံချက်ဆိုပါက သက်တမ်း (၂) နှစ်၊ 'သ' ထောက်ခံချက်ဆိုပါက သက်တမ်း (၁) နှစ်) ထက် ကျော်လွန် ခြင်း မရှိစေရန်နှင့် ၎င်းကဲ့သို့ ကျော်လွန်ပါက ထောက်ခံချက်ရရှိထားပြီးသော စာရင်းမှ ပယ်ဖျက်မည်။

(၇) သက်တမ်းပြတ်လပ်ခြင်းသည် သက်တမ်း (၁) ကြိမ်ထက် ကျော်လွန်ပြီး လျှောက် ထားပါက သက်တမ်းတိုး စိစစ်ဆောင်ရွက်ခြင်းပြုလုပ်မည်မဟုတ်ဘဲ လုပ်ငန်းသစ် အနေဖြင့်သာ ပြန်လည်လျှောက်ထားရမည်။ ယင်းကဲ့သို့ လျှောက်ထားရာတွင် ထောက်ခံချက်ရရှိထားသော မူလထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် ကုန်အမှတ် တံဆိပ်ဖြင့်သာ လျှောက်ထားရယူလိုပါက သတ်မှတ်သက်တမ်းလွန်ဒဏ်ကြေး ပေး ဆောင်ရမည်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဒေါက်တာအေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာအမှတ်၊ အစဆ/(စီမံ)/၂၀၂၀/ ၁၄၆၃

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၁) ရက်

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး(စီမံ)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူး(အစားအသောက်)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်/ မန္တလေး)၊

၆။ တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊

---------- တိုင်းဒေသကြီး/ ပြည်နယ်၊---------- မြို့၊

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ကြော်ငြာသင်ပုန်းများ၊

မိတ္တူကို-

၁။ ရုံးလက်ခံ၊

၂။ မျှောစာတွဲ။